ၸိုင်ႈတႆး ပႃႇတီႇမႂ်ႇ,သုင်လိူင်ႈတၢႆး
ရှမ်းပြည်တိုးတက်ရေးပါတီ ဗဟိုဌာနချုပ်
SHAN STATE PROGRESS PARTY, GENERAL HEADQUARTERS
E-mail: sspp.hq@gmail.com

ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့
စာအမှတ်- ၁၁၀၂ / ဆသရ (၃၃) / ဦး-၄
ရက်စွဲ- ၂၀၁၅ခုနှစ်၊ အောက်တိုဘာလ(၂၁)ရက်

သို့

ဒေါက်တာစိုင်းမောက်ခမ်း
ဥက္ကဋ္ဌ
ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ

အကြောင်းအရာ။ **။ SSPP/SSA ဌာနချုပ်အနီးသို့ ထိုးစစ်ဆင်နေသော တပ်မတော်စစ်ကြောင်းများ ကိစ္စ ညှိနှိုင်းတင်ပြခြင်း။**

(၁) (၁၅.၁၀.၂၀၁၅)ရက်နေ့ (၁၇း၀၀)နာရီတွင် မိမိSSPP/SSAဗဟိုမှ သဘောထားကြီးစွာဖြင့် နှစ်ပေါင်း ဆယ်ချီကြာ အခြေပြုလာသည့် တာဆမ်ပူး ကူးတို့ဆိပ်ဂွင်နှင့် စိုးမိုးတောင်ကုန်းများတို့အား SSPP/SSA တပ်များ အခြေပြုထားရာမှ ဆုတ်ခွါပေးခဲ့ပြီးဖြစ်ပါသည်။

(၂) မိုင်းနောင်မြို့အနီး ဝိန်းကောင်ကျေးရွာရှိ တပ်မတော်တပ်ရင်းဌာနချုပ်သို့ လက်နက်ကြီးလက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်မှု မိမိSSPP/SSA ဗဟိုဌာနချုပ်မှ အမိန့်ပေးစေခိုင်းခြင်းမရှိ၊ SSPP/SSAတပ်များလည်းသွားရောက်တိုက်ခိုက်ခြင်းမရှိသောကြောင့် တိုက်ပွဲဖြစ်စဉ်များသည် မိမိSSPP/SSAနှင့် မပတ်သက်ကြောင်း တင်ပြအပ်ပါသည်။

(၃) ၆.၁၀.၂၀၁၅ရက်နေ့မှ ယနေ့ ၂၁.၁၀.၂၀၁၅ ရက်နေ့အထိ ထိုးစစ်ဆင်နေသည့် တပ်မတော်စစ်ကြောင်းများသည် တာဆမ်ပူးကူးတို့ဆိပ်ဂွင်မှ SSPP/SSA ဗဟိုဌာနချုပ်ဝမ်ဟိုင်းအနီးအထိ ထိုးစစ်ဆင်လျက်ရှိပါသည်။ ယနေ့ နံနက်(၀၄း၀၀)နာရီတွင် မိုင်းနောင်မြို့မှ ဝိန်းကောင်သို့ ကား(၁၇)စီးပါ တပ်မတော်ယာဉ်တန်းများ တစ်ကြိမ်၊ နံနက်(၀၇း၀၀)နာရီတွင် မိုင်းနောင်မြို့မှ ဝိန်းကောင်သို့ ကား(၅)စီးပါ တပ်မတော်ယာဉ်တန်းများ နောက်ထပ်တစ်ကြိမ် ဆိုက်ရောက်နေရာယူပြီး ဤစာရေးနေချိန်(၁၀း၃၀)နာရီအထိ ခိုလမ်မှ တပ်မတော်ယာဉ်တန်းစစ်အကူများ ထပ်မံစေလွှတ်နေကြောင်းသတင်းရရှိပါသည်။

(၄) SSPP/SSA ဗဟိုဌာနချုပ်အနီးထိ ထိုးစစ်ဆင်မှုများကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်ကိုယ်တိုင် ရှေ့တန်းရုံးထိုင်ပြီး ဦးစီးကွပ်ကဲသောကြောင့် နိုင်ငံရေးပြဿနာများကို စစ်ရေးနည်းလမ်းဟောင်းများဖြင့် ဖြေရှင်းရန်ပြန်လည်ဦးတည်နေသည်ဟု မှတ်ယူရပါသည်။ SSPP/SSAသည် နိုင်ငံတော်အစိုးရနှင့် ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးသဘောတူညီချက်များကို နှစ်ဖက်လက်မှတ်ရေးထိုးကြပြီးဖြစ်သောကြောင့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းများဖြင့် တွေ့ဆုံဆွေးနွေးဖြေရှင်းမှုလမ်းစမရှိလျှင် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီမှ SSPP/SSAအား တရားဝင်အကြောင်းကြားသင့်သည်ဟု ယူဆမိပါသည်။

၅။ ထို့ကြောင့် နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းများဖြင့် တွေ့ဆုံဆွေးနွေးဖြေရှင်းသွားနိုင်ရန်အတွက် SSPP/SSA ဗဟိုဌာနချုပ်အနီးအထိ ထိုးစစ်ဆင်နေသော တပ်မတော်စစ်ကြောင်းများအား တားဆီးပေးနိုင်ပါရန်နှင့် အကယ်၍ နိုင်ငံရေးပြဿနာများကို စစ်ရေးနည်းလမ်းဟောင်းများဖြင့် ဖြေရှင်းသွားမည်ဆိုလျှင်လည်း မိမိSSPP/SSA သို့ တရားဝင်အကြောင်းကြားပေးသွားနိုင်ပါရန် လေးစားစွာညှိနှိုင်းတင်ပြအပ်ပါသည်။

ယုံကြည်လေးစားစွာဖြင့်

စဝ်ခေးတိုင်း
အဖွဲ့ခေါင်းဆောင်
ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့
ရှမ်းပြည်တိုးတက်ရေးပါတီ၊ ရှမ်းပြည်တပ်မတော်

မိတ္တူကို-

၁။ ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ဒုတိယ ဉက္ကဌ ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ
၂။ ဦးအောင်မင်း၊ ဒုတိယ ဉက္ကဌ ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ
၃။ ဦးသိန်းဇော်၊ ဒုတိယ ဉက္ကဌ ၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ
၄။ ဦးခင်မောင်စိုး၊ အဖွဲ့ဝင်၊ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ
၅။ ရုံးလက်ခံ